ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၉၃ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်
( ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာလ ၁၇ ရက် )

## ပြည်တွင်းတွင် ထုတ်လုပ်သော ကုန်ပစ္စည်းအချို့ကို နိုင်ငံခြားကုမ္ပဏီများအား တင်ပို့ခွင့်ပြုခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းအရည်အသွေးမြင့် ထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ ချဲ့ထွင်တင်ပို့ခြင်းဖြင့် ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်၊ ပြည်ပဈေးကွက် ပိုမိုရရှိရန်နှင့် ထုတ်လုပ်သူများ၏ ရောင်းဈေးပိုမိုရရှိစေရန်အလို့ငှာ ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံခြားကုမ္ပဏီများအား အောက်ပါကုန်ပစ္စည်းအုပ်စုများကို ကိုယ်တိုင်ထုတ်လုပ်၍ဖြစ်စေ၊ ထုတ်လုပ်သူများထံမှတစ်ဆင့် ဝယ်ယူ၍ဖြစ်စေ ပြည်ပသို့ တင်ပို့ခွင့်ပြုသည် -

(က) တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ ငါးနှင့် ရေထွက်ကုန်များ၊

( ခ ) တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် ကောက်ပဲသီးနှံများ၊

( ဂ ) ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုး၊

(ဃ) မျိုးစေ့၊

( င ) သန့်စင်ထားသည့် သတ္တုရိုင်းများ၊

( စ ) သစ်သီးဝလံ၊ ပန်းမန်ကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက် ကုန်ချော သို့မဟုတ် ကုန်ချောပစ္စည်းများ၊

(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများ၊

( ဇ ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြုကုန်စည်များ။

၂။ နိုင်ငံခြားကုမ္ပဏီများသည် အပိုဒ် ၁ ပါ ကုန်ပစ္စည်းအုပ်စု ၈ မျိုးကို ပြည်ပသို့ တင်ပို့ရာတွင် -

(က) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ ငါးနှင့်ရေထွက်ကုန်များနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ထောက်ခံချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရယူရမည်၊

(ခ) တစ်ဆင့်မြင့် ပြုပြင်ထုတ်လုပ်ထားသည့် ကောက်ပဲသီးနှံများနှင့်စပ်လျဉ်း၍-

(၁) ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့ တင်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် အပါအဝင် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ကုန်သွယ်ရေး ဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရယူရမည်၊

(၂) ဆန်နှင့် ဆန်ကွဲတင်ပို့ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက အောက်ပါ အထောက်အထားများ ပြည့်စုံစွာတင်ပြရမည့်အပြင် ကုန်သွယ်ရေးဦးစီး ဌာန၏ ပို့ကုန်လိုင်စင် ခွင့်ပြုချက်ရယူရမည် -

(ကက) ပြည်ပမှ ပြည်တွင်းဘဏ်တစ်ခုခုသို့ ကနဦးရင်းနှီးမြှုပ်နှံမှု ထည့်ဝင်ငွေ အနည်းဆုံးဒေါ်လာ ၃ သန်းလွှဲပြောင်းပြီးကြောင်း အထောက်အထား၊

(ခခ) လုံလောက်သော သိုလှောင်ရုံရှိကြောင်း အထောက်အထား၊

(ဂဂ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ အသင်းဝင်ဖြစ်ကြောင်း အထောက် အထား။

(ဂ) ပျော့ဖတ်နှင့် စက္ကူအမျိုးမျိုးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင် ခွင့်ပြုချက် ရယူရမည်၊

(ဃ) မျိုးစေ့နှင့်စပ်လျဉ်း၍ မျိုးစေ့ဥပဒေ၊ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရယူရမည်၊

(င) သန့်စင်ထားသည့် သတ္တုရိုင်းများနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေအရ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်းခွင့်ပြုမိန့်နှင့် သတ္တုတွင်းဦးစီးဌာန၏ ထောက်ခံချက်တို့ဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန် လိုင်စင်ခွင့်ပြုချက် ရယူရမည်၊

(စ) သစ်သီးဝလံ၊ ပန်းမန်ကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက် တစ်ပျက် ကုန်ချော သို့မဟုတ် ကုန်ချောပစ္စည်းများနှင့်စပ်လျဉ်း၍ အမျိုးသား အစားအသောက်ဥပဒေနှင့် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရယူရမည်၊

(ဆ) သစ်အခြေခံပရိဘောဂပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်များဖြင့် ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရယူရမည်၊

(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြုကုန်စည်များနှင့်စပ်လျဉ်း၍ စပါးခွံနှင့် လွှစာမှုန့် စသည့် ဘေးထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် လောင်စာတောင့်များကဲ့သို့သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အထောက်အကူပြု ကုန်စည်များ တင်ပို့လျှင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက် ရယူရမည်။

၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၆ - ၆ - ၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၉ နှင့် ၂၀-၇-၂၀၂၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၂၃ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ)

ထွန်းအုံ

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ စက - ၁၄ / ၂ - ၃၇ / ၂၀၂၄ ( ၄၆ )

ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

✓ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } **မြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်**

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

၁၇. ၃. ၂၀၁၄

အောင်သွင်ဦး

ညွှန်ကြားရေးမှူးချုပ်